ကယားပြည်နယ်တွင် လူငယ်အဖွဲ့အစည်းများ နှင့် Network များ များပြားခြင်း - လူငယ်အဖွဲ့အစည်းများ နှင့် Network များတွင် လူငယ်များပါဝင်လှုပ်ရှားဆောင်ရွက်နေကြသော်လည် စေတနာလုပ် အားပေးအနေနှင့်သာရှိပြီး၊ လုပ်အားလစာမရှိပေ။ လူငယ်များမှ ဘာသာရေးအခြေပြုသော အသင်းအဖွဲ့များတွင် ပါဝင် လုပ်ဆောင် နေခြင်းသည် ၎င်တို့အတွက် လုပ်အားခ ၊ လစာများ မရှိသောကြောင့် ထိုက်သင့်သောလုပ်အားလစာရရှိမည့် အလုပ်များ ကို စိတ်ဝင်စား ရှာဖွေနေကြသည်။

စေတနာလုပ်အားပေး အလုပ် နှင့် ဝင်ငွေရသော အလုပ် - ထိုက်သင့်သောဝင်ငွေရရှိရန် လှုပ်ရှားရှန်းကန်ရသောကြောင့် ဘာသာရေး အခြေပြုအသင်းအဖွဲ့များတွင် စေတနာလုပ်အားပေးများအဖြစ် ဆက်လက်ပါဝင် လုပ်အားပေးရန် လူငယ်များအတွက် ခက်ခဲသော အခြေအနေ တွင် ရှိနေသည်။

ပညာရေးတွင်လူငယ်များစိတ်ဝင်စားမှုနည်းပါးခြင်း - ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင်ရှိနေသော လူငယ်အများစုမှာ အဆင့်မြင့်ပညာများဆက်လက်ဆည်းပူးရန်အတွက်မိဘများမှဆက်လက်ထောက်ပံနေသော်လည်ပညာဆက်လက်သင်ယူရန်ထက်ဝင်ငွေ ရသောလုပ်ငန်းများကိုသာပိုမိုစိတ်ဝင်စားကြသည်။လူငယ်များ၏အမြင်တွင်အဆင့်ပညာများဆက်လက်သင်ကြားခြင်းသည် မိမိတို့ဘဝ အတွက် ထင်ရှားသည့်အကျိုးသက်ရောက်မှုများ မရှိဟုထင်မြင်ယူဆကြသည် အဘယ်ကြောင့်ဆိုသော် မိမိပါတ်ဝန်းကျင် တွင် ရှိသော အချိုလူငယ်များမှာ ဘွဲ့ - ဒီဂရီများရရှိသည့်အထိ ပညာသင်ကြားခဲ့ကြသော်လည်း နောက်ဆုံးတွင် မိမိဒေသရှိ တောင်ယာ၊ လယ်ယာလုပ်ငန်းများတွင်သာပြန်လည်လုပ်ကိုင်ကြသောကြောင့်ဖြစ်သည်။ထို့ကြောင့်ပညာရေးတွင်ရင်းနှီးမြှပ်နှံမှုထက်လယ်ယာလုပ်ငန်း များတွင်သာ ရင်းနှီးမြှုပ်နှံရန်အတွက် ဆန္ဒရှိကြသည်။ မြို့တွင်နေထိုင်သော ဘဝ နှင့် မြို့ပေါ်ရှိလူမှုအလေ့အထများအား ကြောက်ရွံ့သော ခံစားချက်များကြောင့် ကျေးလက်ဒေသအတွင်းရှိ လူငယ်အများသည် မြို့တွင်းရှိ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များ ပညာတက်ရောက်သင်ကြားရန်အတွက် မဂံမရဲဖြစ်သော ခံစားချက်များရှိကြသည်၊ ဂတ်စားဆင်ယဉ်မှုနှင့် အပြုအမူများအပေါ်တွင် မူတည်ပြီး ခွဲခြားဆက်ဆံခံခဲ့ရသော အတွေ့အကြုံးများလည်းရှိ ကြသည်။ အချို့သောလူများသည်လည် ပညာရေးသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် မိမိတို့မိသားစုဘဝအတွက် များစွာပြောင်းလဲစေမည် မဟုတ်ဟု ထင်မြင်ကြသည်။ ပညာတတ်သော သူများအားလည် အထူးပုဂ္ဂိုလ်ဟု လက်ခံထားပြီး၊ ထိုသူနှင့်စကားပြောရန်အတွက်ပင် စိုးရွံ့ကြသည်။ ထို့ကြောင်း အဆင့်မြင့်အထက်တန်း ပညာရေးအကြောင်း စိတ်ဝင်စားမှုထက် ရေးတတ်၊ ဖတ်တတ်လျှင် လုံလောက်ပြီဟူ၍ လက်ခံ ထားကြပြီး မိမိကျေးရွား၌ စီးပွားရေး လုပ်ငန်း လုပ်တတ်ရုံသာ ပစ်မှတ်ထားကြသည်။ အချို့သော မြို့ပါတ်ဝန်းကျင်းတွင် နေထိုင်သော လူငယ်များမှာ အဆင့်မြင့် အထက်တန်းပညာများအား ဆက်လက်သင်ကြားရန်အတွက် စိတ်အား ထက်သန် ကြသော်လည်း မိဘများမှ မြို့ပြလူမှုကုန် ကျစာရိတ်မြင့်မားသောကြောင့် ငွေကြေးဆက်လက်မထောက်ပံ့နိုင်ကြပေ။

**လူငယ် နှင့် လူကြီးများအကြား ပဋိပက္ခ** - နိုင်ငံရေးနှင့် အခြားသော လူမှုရေးအရေးအရာများတွင် ခေတ်ကာလပြောင်းလဲမှု၊ အမြင်မတူညီမှုနှင့် လက်ခံယုံကြည်မှု မတူညီ ကြသောကြောင့် လူငယ် နှင့် လူကြီးကြား သဘောထားခြင်း ပဋိပက္ခ ဖြစ်နိုင်သည်။

**နိုင်ငံရေးနှင့် ဆက်စပ်သော အကြောင်းအရာများအား မဆွေးနွေးလိုကြခြင်း** - ကျေးရွာရှိ လူထုများသည် အဖွဲ့အစည်း၊ အာဏာပိုင်များ နှင့် အစိုးရဟူသော စကားလုံးကို ထိလွယ်ရှလွယ်သောအကြောင်းအရာအဖြစ်မှတ်ယူကြပြီထိုအကြောင်းအရာများကို ပြောဆိုရန် ကြောက်ရွံ့မှုကို ခံစားနေကြပြီး၊ နိုင်ငံအရေး အရာနှင့် လက်ရှိရပ်ရွာတွင် ဖြစ်ပျက် နေသော အခြေအနေများကိုပင် ဆွေးနွေးတိုင်ပင်ရန် မဝံ့မရဲဖြစ်ကြသည်။

**အမျိုးသမီးများ ပြည်နယ်ငြိမ်းချမ်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်း** - အမျိုးသားများ ရှေ့ထွက်ပြီးလုပ်ဆောင်နေစဉ်တွင် အမျိုးသမီးများမှာ နောက်တန်းတွင်ချန်လုပ်ထားခံရပြီး မိမိကိုယ်တိုင်နှင့် အိမ်ထောင်အား ထိန်းသိမ်းခြင်းလုပ်ငန်းများ၌သာ လုပ်ဆောင် ကြရသည်။ ထို့ကြောင့် ပြည်နယ်ငြိမ်းချမ်းဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ တက်ကြွစွာပါဝင်လာစေရန်မှာ အရေးကြီးသော အချက် ဖြစ်သည်။

**ပညာရေးတွင် ယောကျာ်လေး၊ မိန်းကလေးခွဲခြားခြင်း** - အထက်တန်းနှင့် အဆင့်မြင့်ပညာရေးဆက်လက်ဆည်းပူးရန်အတွက် မိန်းကလေးများထက် ယောကျာ်လေးများကိုသာ ဦးစားပေးကြသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းဆက်လက်တက်ရောက်ရန်အတွက် အိမ်နှင့် ဝေးလံသောနေရာများသို့ သွားရခြင်း၊ မြို့ပေါ်တွင် အခြားသောမိသားစုများနှင့် နေထိုင်ရခြင်းတို့ကြောင့် မိန်ကလေးများ ပညာရေးမှာမှု ရပ်တန့် သွားရပြီး အိမ်၌သာ နေထိုင်ရသည်။

**ငြိမ်းချမ်းရေး (သို့) နိုင်ငံအရေး ကိစ္စများအားသည် ပြောဆိုရန် အဆင်မပြေခြင်း** - လူထုများသည် ငြိမ်းချမ်းရေး (သို့) နိုင်ငံအရေး ကိစ္စများအားပြောဆိုဆွေးနွေးရန် ကြောက်ရွံ့ကြပြီး၊ လာရောက်စကား ပြောကြသောသူများ၏ လွှမ်းမိုးမှုခံရနိုင်သည်ဟု ထင်မြင်ကြသည်။ အဆိုပါအရေးကိစ္စများသည် နိုင်ငံရေးသမားများ ၏ ကိစ္စ သာဖြစ်သည်ဟု လက်ခံထားကြသည်။ အချို့သော နေရာများတွင် ငြိမ်းချမ်းရေး (သို့) နိုင်ငံအရေးနှင့် ပါတ်သတ်သာ သင်တန်းများပြုလုပ်ရာတွင် လည်း မိမိတို့၏ ခံစားချက်များနှင့် အမြင်များအား ပွင့်လင်းစွာ မပြောဆိုကြပေ။

**လူအခွင့်အရေးဆိုင်ရာအကြောင်းအရာများသည် လူငယ်များအကြား ဆွေးနွေးငြင်းခုံစရာ ခေါင်းစဉ်ဖြစ်လာခြင်း** - လူအခွင့်အရေး ဆိုင်ရာ ပညာပေးသင်တန်းများရှိပြီး၊ လူငယ်များသည်၎င်ကောင်းတို့၏ အခွင့်အရေးအတွက် တောင်းဆိုစရာ နည်းလမ်းတစ်ခုအဖြစ် ယူဆကြသည်။ ၎င်တို့သည် မိမိတို့၌ အခွင့်အရေးရှိသည့် အတွက်ကြောင့် မိမိတို့လုပ်ချင်သော အရာများအား လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်မြင်ကြသည်။ သင်တန်းတက်ပြီးသောအခါ သောက်စားအော်ဟစ်ကြသည်။ သို့ရာတွင် လူတိုင်း၌နိုင်ငံသားတစ်ယောက်၏ တာဝန်ဝတ္တရားများရှိသည်ကို နားမလည်ကြပေ၊ ထို့ကြောင့် အခွင့်အရေး တိုင်း၌ တာဝန်ဝတ္တရားများ ရှိသည်ကို ကျွနုပ်တို့ရှင်းပြရသည်။

**လူငယ်များ၊ အဖွဲ့များအကြား စည်းလုံးညီညွတ်မှုမရှိခြင်း** - ဘာသာရေးအစုအဖွဲ့များတွင်သော်လည်းကောင်း၊ လူမျိုးစုအစုအဖွဲ့များတွင သော်လည်ကောင်း ရှိနေသော ဆင်းရဲ၊ ချမ်းသာ ကွာဟမှုသည်လူများအကြား ခွဲခြားစေသောတွန်းအားတစ်ခု သို့မဟုတ် စည်းလုံးညီညွတ်မှုကို အားနည်းစေသော အချက်တစ်ခုအဖြစ် ရှိနေသည်။ ခေါင်းဆောင်ပိုင်းများ၏ မိမိကိုယ်ကျိုးရှာခြင်းသည်လည်း အဖွဲ့များ စုဖွဲ့မှုကို အားနည်းစေရန် ကြောင်းအရာအဖြစ် ထောက်ပံ့နေသည်။ တိုင်းရင်းသားအဖွဲ့များတွင် ဥပမာအားဖြင့် လူမျိုးစုအခွဲများ ရှိသောကယန်းအဖွဲ့များတွင် မတူညီသော လူမျိုးစုခွဲများသည် မိမိနှင့်တူညီသော လူမျိုးစုခွဲများနှင့်သာ စုစည်းနေကြပြီး လူမျိုးတူ အခြားသော လူမျိုးစုအခွဲများနှင့် အဆက်အဆံနည်းပါသည်။ ဤအချက်သည် မတူညီသော လူမျိုးစုခွဲများတွင် ကွဲပြားသော အမြင်ရှုထောင့်များနှင့် စဉ်စားမှုပုံစံများကြောင့် ဖြစ်ပြီး၊ ၎င်တို့၏ တွေးတောဆင်ခြင်မှုများတွင် လွှမ်းမိုးမှုများ မရှိခြင်းဖြစ်သည်။ နောက်ကွဲပြားမှုမှာ ဗမာတိုင်းရင်းသားများနှင့် အခြားသောဒေသခံတိုင်းရင်းသားများ အကြားတွင် ဖြစ်တည်နေသော ထင်မြင်လွဲမှားမှုကွဲပြား ချက်များဖြစ်ပြီး၊ ကြုံတွေ့ခဲ့သောစစ်တပ်များ၏ အချို့သောလုပ်ဆောင်ချက်များဖြစ်ခဲ့သည့် အတင်းအကြပ်စေခိုင်းခြင်း၊ ပေါ်တာဆွဲခြင်းများကြောင့်ဖြစ်သည်။ လူငယ်များတွင်လည်း ပွဲတော်များတွင်သာ များသောအားဖြင့် စုစည်းလုပ်ဆောင်မှု မြင့်မားပြီး၊ ပွဲတော်များ၊ အစီအစဉ်များ ပြီးဆုံးသွားသောအခါ မိမိတို့အစုအဖွဲ့ငယ်များ သို့ပြန်လည်ရောက်ရှိသွားပြီး အခြားသော စုစည်းလုပ်ဆောင်မှုများမှာ မရှိတော့ပေ။ Network များ ၊ လူငယ်အဖွဲ့များတွင် စေတနာလုပ်အားပေးများအဖြစ် ပါဝင်ကြပြီး အခြားသော နေရာများတွင် မပါဝင်ကြတော့ဘဲ၊ ကွဲပြားသွားကြသည်။

### ၄။ အကြောင်းအရာတစ်ခုအပေါ် သဘောမတူညီမှုများ ၊ ဆန့်ကျင်ဘက်ပြောဆိုချက်များ

- ရပ်ရွာလူထုအတွင်း ပြင်ပထောက်ပံ့မှုများကို မျှော်လင့်နေသော အဖွဲ့များနှင့် ထောက်ပံ့မှုများကို မမျှော်လင့်ဘဲ အခြားသူများ၏ လမ်းညွှန်မှုများထက် မိမိတို့အလေ့အထအတိုင်း ရှေ့ဆက်သွားလိုသည့် အဖွဲ့များ ရှိသည်။
- ကျေးရွာအတွင်းရှိ အဖွဲ့များအကြား ဓမ္မဆရာခန့်အပ်ရာတွင် ပဋိပက္ခဖြစ်ပေါ်လျှက်ရှိသည်၊ ဓမ္မဆရာဟောင်းကို ဆက်လက်၍ လက်ခံချင်သောအဖွဲ့များနှင့် အသစ်ကိုအာဏာလွှဲပြောင်းပေးချင် သောအဖွဲ့များအကြား သဘောမတူညီမှု များရှိကြသည်။
- ဘာသာရေးနှင့် ရိုးရာဓလေ့များအကြား အငြင်းပွားမှုများရှိကြသည်။ (ဘုရားကျောင်းက သွပ်ခိုးယူမှုကြောင့် ရိုးရာ ဓလေ့အရ ဘုရားကျောင်းဆေးကြောရမည်ကို တောင်းဆိုတဲ့လူများနဲ့ လက်မခံသောသူများအကြား အငြင်းပွားမှု ဖြစ်ကြခြင်း။ ဘုရားကျောင်း တံခါးပိတ်သောကြောင့် ဘုရားကျောင်းမတတ်ရဘူးလို့ စွပ်စွဲတဲ့သူနဲ့ ဘုရားကျောင်းတံခါး လုံးဝမခတ်ဘူးလို့ပြောဟုပြောဆိုကြသူများ။)
- ရိုးရာစိုက်ပျိုးရေးလုပ်ငန်းများသည် မိမိသားစုဂမ်းစာအတွက်အာမမခံနိုင်တော့သောကြောင့် အခြားနေရာဒေသများသို့ ရွှေပြောင်း လုပ်ကိုင်စားသောက်ကြရသည်။
- လူငယ်များသည် ပညာရေးဖြင့်မိမိတို့ဘဝ ပြောင်းလဲစေနိုင်မည်မဟုတ်ဟု လက်ခံထားကြသည်။
- ကျေးရွာတွင်မူလတန်းသာရှိသောကြောင့်အထက်တန်းကိုလှိုင်ကော်တွင်တက်ရောက်ချင်သော်လည်း၊လှိုင်ကော်မြို့ ပေါ်ရှိကျောင်းများမှာ ဖရူဆိုမှကျောင်းသားများအား လက်မခံဘဲ ဖရူဆိုရှိကျောင်းများတွင်သာ တက်ရောက်ရန် ရည်ညွှန်း ကြသည်။ လူများ၏ ထင်မြင်ယူဆချက်မှာ လှိုင်ကော်မြို့ပေါ်ရှိကျောင်းများသည် ပိုမိုကောင်းမွန်သော ပညာရေးကို သင်ကြားပေးနိုင်သည်ဟု လက်ခံထားကြသည်။
- ကျောင်းသားနှင့် ဆရာအချိုးမှာ ပညာရေးမူဝါဒအရ ကျောင်းသား ၆၀ ယောက်ရှိမှသာလျှင် ကျောင်းဆရာတစ်ယောက် ခန့်အပ်နိုင်သည့်ဟု သိရှိရပြီး၊ ကျေးရွာအတွင်း အတန်းတစ်တန်းအတွက် ကျောင်းသား ၆၀ ယောက်မရှိသောကြောင့် တစ်တန်းလျှင်ဆရာတစ်ယောက် မရရှိသဖြင့် ဆရာတစ်ယောက်ထဲမှ အတန်းများအား ကိုင်တွယ်ရသည်။
- လူမှုရေးအသင်းအဖွဲ့အစည်းအများ ရပ်ရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နေသော်လည်း အသိပညာအမြင်ဖွင့် လုပ်ငန်းစဉ်များအထက် မိမိတို့၏ ဦးတည်လုပ်ငန်းများ၌သာ တစိုက်မတ်မတ်အားရုံစိုက်လုပ်ဆောင်ကြသည် (ဥပမာ - ရေးနှင့် သန့်ရှင်းရေး၊ စသည်ဖြင့်)။ အခြားသော ဦးဆောင်မှုဆိုင်ရာ အသိပညာများ၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ၊ HIV ပညာပေးလုပ်ငန်းများနှင့် လူကုန်ကူးမှုဆိုင်ရာအသိပညာပေးလုပ်ငန်းများကိုမူ မလုပ်ဆောင်ကြပေ။ သင်တန်းများပြုလုပ်ကြသော်လည်း လူထုမှာသင်တန်းများအားမမှတ်မိကြပေ။အဖွဲ့အစည်းများမှသင်တန်းများခေါ်ယူသော်လည်း ကိုယ်စားလှယ်တစ်ယောက် နှစ်ယောက်သာ ခေါ်ယူပြီး ကျေးရွာတွင် ပြန်လည်ဝေမျှရန် ဖြစ်သော်လည်း ကျေးရွာသူကျေးရွာသားအချင်းချင်း လေးစားမှုနှင့် အထင်ကြီးမှုများ မရှိခြင်းသည် ထပ်ဆင့်ပြန်လည် ဝေမျှရန် စိန်ခေါ်မှု တစ်ရပ်အနေဖြင့် ရှိနေသည်။

### ၅။ ပုံစံ / အဖြစ်အပျက်များ - လူငယ်အများထပ်တလဲလဲပြောနေသောအရာများ

- ကျောင်းပြီးဘွဲ့ရသော်လည်း အလုပ်လက်မဲ့ဖြစ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် ခွဲခြား ဆက်ဆံမှုများ နှင့် မိရိုးဖလာ တောင်ယာ/လယ်ယာ လုပ်ကိုင်ရင်း သာမန်ဘဝနှင့် နေထိုင်ကြရသောကြောင့် ပိုမိုတိုးတက်သော အခွင့်အလမ်းများ ဘဝရပ်တည်မှုများရရှိရန် နှင့် မိမိတို့၏ ကျွမ်းကျင်မှုနှင့် အတတ်ပညာ များအား အသုံးချရန် အခွင့်အလမ်း နည်းပါးနေဆဲဖြစ်သည်။
- ကျေးရွာတွင် လုပ်ငန်းခွင်အခွင့်အလမ်းများနည်းပါးသောကြောင့် အလုပ်မရကြပါ။
- လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း - ကျေးရွာတော်တော်များများတွင် လျှပ်စစ်မီးမရကြပါ၊ အချို့ကျေးရွာများ တွင် ရေအားလျှပ်စစ်မှတဆင့် လျှပ်စစ်မီးရကြသည်၊ အချို့ကျေးရွာများမှာ အစိုးရလျှပ်စစ်မီးရရှိ ကြ သော်လည်း လုံလောက်စွာ မရရှိကြပါ။
- ကျေးရွာအတွင်းရှိ အဖွဲ့များအချင်းချင်း စည်းလုံးညီညွှတ်မှုမရှိကြ။
- ကျေးရွာတော်တော်များများတွင် မူလတန်းအဆင့်ကျောင်းများသာ ရှိသောကြောင့် အထက်တန်းပညာရေး အတွက် ခက်ခဲစွာ ရုန်းကန်ရကြပြီး၊ ကျန်းမာရေးအတွက်လည်း နီးစပ်ရာကျေးရွာများအား မှီခိုနေရသည်။

## ၆။ လမ်းကြောင်း -ပြောင်းလဲလာမှုများ၊ တိုးတက်မှုများ၊ အမျိုးသားများနှင့် အမျိုးသမီးများ အကြား မတူညီ သော/ ကွဲပြားစွာ ပြောကြားသော အကြောင်းအရာများ

- ပညာရေးအပေါ်စိတ်ဝင်စားမှု - ယခင်အချိန်များတွင် လူအများသည် ပညာမတတ်သော်လည်း မိမိတို့ဘာသာ စီးပွားရေး လုပ်ကိုင်နိုင်ကြသော်လည်း ယခုအခါ လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် နှင့် လုပ်ငန်းခွင် ဝင်ရောက် နိုင်ရန်အတွက် အသိအမှတ်ပြုလက်မှတ်များ လိုအပ်ကြောင်းသိမြင်လာကြသဖြင့် ပညာရေးအပေါ် ယခင်ကထက် ပိုမိုစိတ်ဝင်စား လာကြသည်။ အချို့သော ပညာတတ်သားသမီးများသည် အစိုးရဌာနများတွင် အလုပ်ရကြသည်ကို တွေ့မြင်ရသောကြောင့် မိဘများ၏ ပညာရေးအပေါ်အမြင်သဘောထားများ ပြောင်းလဲလာကြပြီး၊ ပညာရေးအတွက် ယောကျာ်းလေး၊ မိန်းကလေး မခွဲးခြားဘဲ ထောက်ပံ့အားပေးလာကြသည်။
- အလုပ်အခွင့်အလမ်း - NGOs များလည်း ရောက်ရှိလားကြပြီး၊ ကျေးရွာများတွင် လုပ်ကိုင်ရန်အတွက် ဒေသခံ လူငယ်များအား ပညာအရည်အချင်းမြင့်သည့်ဖြစ်စေ ၊ နိမ့်သည်ဖြစ်စေ ဝန်ထမ်းများ ခန့်အပ်လာကြသဖြင့် ဒေသခံ လူငယ်များ NGOs များတွင် ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်လာကြသည်။
- အလုပ်အကိုင်အခွင့်အလမ်း သတင်းရရှိမှု - ဝန်ကြီးချုပ်မှ အလုပ်အကိုင်းအခွင့်အလမ်းနှင့် ပါတ်သတ်သော သတင်းအချက်များ အား ကြေငြာကပ်ထားပေးသည်။ အလုပ်သမားဌာနတွင်လည်း အလုပ်အကိုင်းအခွင့် အလမ်းနှင့် ပါတ်သတ်သော သတင်းအချက်များ အားရရှိနိုင်သည်။ အလုပ်အကိုင်အခွင့်အလမ်း ကြေငြာများသည် အစိုးရဌာနများနှင့် NGOs များမှ ဖြစ်သည်။
- ယခင်အတွေ့အကြုံများအရ ရွာလူကြီးအဖြစ်ရွေးချယ်ခံရလျှင်များစွာ ပေးဆပ်အနစ်နာခံရသောကြောင့် ရွာ လူကြီးအဖြစ် အရွေးချယ်မခံလိုကြပေ။ သို့ရာတွင် နိုင်ငံရေးပြောင်းလဲလာပြီးနောက်ပိုင်းတွင် ရွာလူကြီးဖြစ်လျှင် နိုင်ငံတော်မှ လစာငွေချီးမြင့်မည်ဟူသောသတင်းကြောင့် ရွာလူကြီးရွေးချယ်ခံရရန်များစွာ စိတ်ဝင်စားလာကြ သည်။
- ယခင်နိုင်ငံရေးအခြေအနေအရ ပေါ်တာဆွဲခြင်းများရှိခဲ့ပြီး၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ နစ်ဖက်တိုက်ပွဲများတွင် အမျိုးသားမှာ အမျိုးသမီးများထက် ပိုမိုထိခိုက်ခံခဲ့ ရသည်။ လက်နက်ကိုင်အဖွဲ့အသီးသီး အား အခွန်အခများပေးသွင်းနေခဲ့ရသော်လည်း ယခုအချိန်အတွင် တဖြည်းဖြည်း အခွန်အခများ လျော့နည်းလာပြီး အချို့နေရာများတွင် မပေးရတော့သောအခြေအနေအထိ တိုးတက်လာခဲ့သည်။
- လူငယ်များ၏ အတွေးအမြင်များသည်လည်း ပြောင်းလဲလာပြီး ယခင်က မကြေနပ်မှုရှိလျှင်လက်နက်ဖြင့် ဖြေရှင်း ရန်သာ စဉ်စားလာခဲ့သည်၊ သို့ရာတွင်ယခုအခါ ယနေ့ခေတ်တွင် ပညာရေးဖြင့်သာလျှင် ရှင်သန်နိုင်မည်၊ ပိုမို တိုးတက်သော အသိုက်အဝန်းတည်ဆောက်နိုင်မည်ဟု ယုံကြည်လာကြပြီး အချို့ကျေးရွာများရှိ မူလတန်းကျောင်းများသည် အလယ်တန်းအဆင့်သို့ တိုးမြင့်လာနိုင်ခဲ့သည်။
- ၂၀၁၂ ခုနစ် နောက်ပိုင်တွင် အစိုးရပြည်နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လမ်းပန်းဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန် လာခဲ့ သည်။ ၁၉၆၈ နှစ်များတွင် ကျေးရွာအများစုမှာ ရွာရှောင်ခဲ့ကြရပြီး၊ စုပေါင်းကျေးရွာများတွင် နေထိုင်ခဲ့ကြရသည်။ ၂၀၁၀ ခုနစ်နောက်ပိုင်းတွင် ကျေးရွာများမှာ ပြန်လည်တည်ငြိမ်ငြိမ်းချမ်းလာခဲ့ပြီး ညပိုင်းတွင် လည်း ခရီးသွားလာနိုင်ခဲ့ပြီး၊ မိမိတို့၏ ခံစားချက်များနှင့် အတွေ့အကြုံများအား ပိုမိုပွင့်လင်းစွာ ပြောဆိုလာနိုင် ကြသည်။ ဌာနများမှပို့ချသော ကျန်မာရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာပေးသင်တန်းများအား ရွာသားများ တက်ရောက်ခဲ့ကြရသည်။
- ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ အမျိုးသမီးများသည် လူအများရှေ့တွင် ပြောဆိုခွင့်မှာ အကန့်အသတ်ရှိခဲ့သော်လည်း ယခုအခါ အမျိုးသမီးများ၏ အခွင့်အရေးများအတွက် လုပ်ဆောင်သောအဖွဲ့အစည်းများ ပေါ်ပေါက်လာသည်။ အမျိုးသမီးများ၏ အခွင့်အရေးများကို သိမြင်လာကြပြီး၊ ပိုမိုတက်ကြွစွာဖြင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လာကြသည်။

## ၇။ အံသြဖွယ်/အံ့အားသင့်ဖွယ် အကြောင်းအရာ အဖြစ်အပျက်များ

- လယ်ယာလုပ်ငန်းခွင်သို့ ရိုးရာခေါင်ရည်များ ယူဆောင်လာပြီး၊ အချို့ကလေးငယ်များအား မိခင်နို့မထွက်တော့သည့်အခါ တွင် ခေါင်ရည်အားအစားထိုး တိုက်ကျွေးကြသဖြင့် ခေါင်ရည်အရက်များနှင့် ရင်းနှီးကြသည်။
- ထိုင်းနိုင်ငံရှိ မှောင်ခိုနွားဈေးကွက်သို့ နွားများမောင်းပို့ခြင်းအားဖြင့်လည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကြသည်။
- ကျေးရွာလူငယ်အဖွဲ့များရှိကြပြီး ကောက်ရိတ်သိမ်းချိန်းများ အစုအဖွဲ့အလိုက် လုပ်အားလိုက်ကြပြီး ရရှိလာသော စုပေါင်းလုပ်အားခ များအား စုဆောင်းပြီး ဘာသာရေးပွဲများတွင် အသုံးပြုကြသည်။
- ကျေးရွာတွင် ခိုးရာလိုက်ပြေးကြသော စုံတွဲများသည် လူငယ်အဖွဲ့အား လျော်ကြေးဒဏ်ငွေသဘောမျိုးပေးဆောင် ရလေ့ရှိပြီး အခြေအနေအလိုက် ဒဏ်ကြေးတန်ဖိုးအားသတ်မှတ်သည်။ အချို့ကျေးရွာများတွင် အသက် ၁၄ နှစ် ဖြင့် အိမ်ထောင်ပြုကြသည်။

ထိုရွာများတွင် များသောအားဖြင့် အိမ်ထောင်စောပြုသောကြောင့် လူငယ် ခေါင်းဆောင်များ ရှားပါသည်။

- ရိုရာဓလေ့အရ ကောက်ရိတ်သိမ်းချိန်များတွင် ပြင်ပဧည့်သည်များအား ရောက်ရှိလာမည်ကို စိုးရိမ်ကြပြီး၊ စကားပင်မပြောဆိုသော အလေ့အထရှိသည်။
- အချို့သော ကျေးရွာများသည် မြန်မာစကားအား နားလည်ပြီး ပြောဆိုတတ်သော်လည် မြန်မာစကားဖြင့် ပြန်မပြောကြဘဲ မိမိတို့ဘာသာစကားကို ထိန်းသိမ်းထားသည်ကို တွေ့ရှိရသည်။
- အမျိုးသားတစ်ဦးမှ မိမိတို့သည် ကိုယ်တိုင်စိုက်ပျိုးသော ကောက်ပဲသီးနှံများကိုသာ စားသုံးပြီး၊ အခြားမှလာသော ထွက်ကုန်များကို စားလေ့စားထမရှိဘဲ အပြင်မှလာသော လူများနှင့်လည်း ကုန်သွယ်မှု မပြုလုပ်ကြဘဲ နေလာခဲ့ ကြသည်ဟု ပြောသည်။
- ပညာတတ်သောအဖွဲ့ နှင့် ပညာမတတ်သော အဖွဲ့များအကြား ခွဲခြားဆက်ဆံမှုများရှိကြသည်၊ ကျေးရွာတစ်ရွာတွင် ခရစ်ယာန်စမတ်သီချင်းဆိုသောအခါ ၁၀တန်း အောင်သောအဖွဲ့ နှင့် ၁၀ တန်း မအောင်သောအဖွဲ့ဟူ၍ နှစ်ဖွဲ့ခွဲဆိုကြပြီး၊ တစ်ဖွဲ့၏ လုပ်ဆောင်မှုများတွင် အခြားအဖွဲ့မှသူများ ပါဝင်လေ့မရှိကြပေ။
- ခက်ခဲသော နိုင်ငံရေးအခြေအနေများ ဖြတ်သန်းလာရသော ဘုံတူသည် အတွေ့အကြုံများရှိကြသည်။ ယခင်က တာဝန်ကျသော တပ်ဖွဲ့များမှာ ဆက်ဆံရခက်ခဲပြီး၊ အပြုအမူရိုင်းစိုင်းသည်ဟု ခံစားခဲ့ကြရသော်လည်၊ ယခုအချိန်တွင် တာဝန်ကျသော တပ်ဖွဲ့များမှာ ယဉ်ကျေးပြီ ဒေသခံများနှင့် ဆက်ဆံရလွယ်ကူသည်။ နိုင်ငံရေးပြုပြင် ပြောင်းလဲလာခြင်း၏ အသီးအပွင့်ဖြစ်သည်ဟု ထင်မြင်ယူဆ လက်ခံကြသည်။

## ၈။ ကွင်းဆင်းလေ့လာချက်များအား အပြန်အလှန်ဆွေးနွေးခြင်း

ကွင်းဆင်းလေ့လာချက်များနှင့် လူငယ်များ အပြန်အလှန်ဆွေးနွေးချက်များအတွက် ရွေးချယ်စရာနည်းလမ်းများ ရှာဖွေခြင်းအတွက် လူငယ်နှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့များမှ တက်ရောက်သူ ၉၆ ဦးဖြင့် အပြန်အလှန်ဆွေးနွေးပွဲ အခမ်းအနားပြုလုပ်၍ ကဏ္ဍ အလိုက် အောက်ပါခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

- ကဏ္ဍအလိုက်ဖြစ်ပေါ်နေသော အခက်အခဲ နှင့် အခြေအနေများသည့် မည်သည့်အခြေခံအကြောင်းတရား များကြောင့်ဟု သင်ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

- ထိုအခြေခံအကြောင်းတရားများအား မည်သို့မည်ပုံ ကိုင်တွယ်ရင်ဆိုင်နိုင်မည်နည်း။

- လူငယ်များအနေဖြင့် မိမိတို့၏အသံများအား ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိနေကြသော အစိုးရအဖွဲ့များနှင့် ညှိနှိုင်းနေ သောအဖွဲ့အစည်းများထံ မည်သို့ ကြားသိစေနိုင်မည်နည်း။

- ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်ဖြစ်ပေါ်နေသော အခက်အခဲနှင့် အခြေအနေများ၏အခြေခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရာတွင် လည်းကောင်း၊ ပြည်နယ်ငြိမ်းချမ်းဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ကြားသိအောင် လုပ်ဆောင်ရာတွင် မည်ကဲ့အထောက်အပံ ဖြစ်စေနိုင်မည်နည်း။

### (က) ။ လူငယ်နှင့် ပညာရေး

**၁။** အခက်အခဲ နှင့် အခြေခံအကြောင်းတရားများ

ပညာသင်ကြားရေးစနစ် - ကျူရှင်အပေါ်အလွန်အမင်းအားကိုးပြီး၊ အလွတ်ကျက်အလွတ်ဖြေနေသော အလေ့အထ များသည် ကျောင်းသားကျောင်းသူများ၏ ပင်ကိုယ်အရည်အချင်းနှင့် ကိုယ်တိုင်ထုတ်ဖေါ်စဉ်းစားသည် အစွမ်းအစများအား များစွာ အကန့်အသတ်ဖြစ်စေသည်။ထို့ပြင်သင်ရိုးညွှန်းတမ်းများလက်တွေ့မကျခြင်းနှင့်ဒေသတွင်းရှိလူငယ်များ၏ မြန်မာစာ၊ မြန်မာစကားစွမ်း ရည်ကြောင့်လည်း ပညာကိုချောမွေ့စွာ၊ စိတ်ဝင်တစား သင်ယူနိုင်ရန်အတွက် အတားအဆီး တစ်ခုအနေနှင့် ရှိနေသည်။ ထိုအနေအထားများက ဘွဲ့ရပညာတတ်များ ရှားပါးလာခြင်း ဖြစ်လာနိုင်သည်။

အရည်အချင်းထက်ဘွဲ့လက်မှတ်ကို အသိအမှတ်ပြုခြင်း - လုပ်ငန်းခွင်ဝင်ခွင့်အတွက် လျှောက်ထားရာတွင် ပင်ကိုအရည် အချင်းထက် ရရှိထားသော လက်မှတ်များ၊ ဘွဲ့များကိုသာ အရေးထားပြီး ခန့်အပ်သဖြင့် အမှတ်တကယ် ကျွမ်းကျင်စေရန် ထက် အသိအမှတ်ပြုလက်မှတ်များ များများရရှိရေးကိုသာ စိတ်ဝင်စားလာကြသည်။

ပညာရေးတွင်စိတ်ဝင်စားမှုမရှိခြင်း - လူငယ်များသည် မိမိတို့နေထိုင်သော ပါတ်ဝန်းကျင်တွင် ပညာရေးဖြင့် အသက်မွေး ဝမ်းကျောင်းပြုလျက် အောင်မြင်နေသော အားကျစရာလူငယ်များမရှိခြင်း၊ ကျောင်းပြီးဘွဲ့ရသော်လည်း ရွာသို့ပြန်လာပြီး သမရိုးကျ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများ၌သာ ပြန်လည်ကျင်လည်လုပ်ကိုင်ကြခြင်း တို့ကြောင့် ပညာရေးကို စိတ်ဝင်စား မှု လျှော့ကျစေသည်။ မိဘများမှ ပညာရေးတွင် အားပေး ထောက်ပံ့ရန်အတွက်လည်း စိတ်ဝင်စားမှုလျှော့ကျစေသည်။

မိဘများ၏ စားဝတ်နေရေးခက်ခဲမှုများ နှင့် သူတို့ကိုယ်တိုင် ပညာမတတ်မြောက်ခြင်းသည်လည်း ပညာရေးတွင် အားပေး မှုကို အပြည့်အဝမှုမရှိကြသည်ကို မိသားစုအတော်များများတွင် တွေ့ရသည်။ ပညာရေးအတွက် ထောက်ခံအားပေးမှု မရှိခြင်း တို့ကြောင့် လူငယ်များသည် အိမ်ထောင်ရေး၊ ငွေရေးကြေးရေးရှာဖွေရန်စသည့် ကိစ္စရပ်များတွင် လမ်းကြောင်း လွဲစွာ အခြားအကြောင်းအရာများ အပေါ်စိတ်ဝင်စားမှုများလည်းရှိလာသည်။ဤအကြောင်းအရင်းများသည်ပညာရေးအတွက်ခက်ခဲစေသည့်အခြေခံအကြောင်းတရားများစွာ ထဲ လက်ရှိရင်ဆိုင်နေရသော အခက်အခဲများ ဖြစ်သည်။

ပညာရေးအတွက် အသုံးစရိတ်နည်းပါးခြင်း၊ နိုင်ငံတကာပညာရှင်များဖိတ်ခေါ်မှုမရှိခြင်း၊ ပညာရေး၏ အုပ်ချုပ်ရေး ယန္တရား အရ အခါအားလျော်စွာ ပြောင်းလဲမှုမရှိခြင်း၊ အုပ်ချုပ်ရေးမူဝါဒများနှင့်အညီပညာရေးကို ပြဋ္ဌာန်းခြင်း၊ သင်ထောက်ကူ ပစ္စည်းအားနည်းခြင်း၊ နိုင်ငံခြားသင်ရိုးညွှန်းတမ်းများကို အသုံးမပြုခြင်း၊ တို့အပြင် အုပ်ချုပ်ရေးစနစ် Top – Down စနစ် များ စသည့်ဖြင့် ပညာရေးကဏ္ဍ၏ အခက်အခဲများအပေါ် လူငယ်နှင့် ဒေသခံအဖွဲ့အစည်းများမှ အမြင်နှင့် အတွေ့အကြုံများ ကို ဝေမျှခဲ့ကြသည်။

၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

ပညာရေးနှင့်ပါတ်သတ်သော အခက်အခဲများနှင့် လက်ရှိကြုံတွေ့နေရသော အခြေအနေများတွက် ကိုင်တွယ်နိုင်ရန် အတွက် လက်ရှိ ပညာရေး ကဏ္ဍတွင် သက်ဆိုင်ရာ ပညာရေးတာဝန်ခံများ၊ တာဝန်ရှိ ဆရာ/ဆရာများအား မိမိတို့၏ ဒေသရှိ ကျောင်းသား၊ ကျောင်းသူများ အခြေအနေနှင့် လိုက်လျောစွာ လုပ်ဆောင်နိုင်သော ကိုယ်ပိုင် လုပ်ပိုင်ခွင့်များ၊ အုပ်ချုပ်ခွင့်များ ပေးခြင်းဖြင့် အထိုက်အလျောက်ဖြေရှင်းနိုင်မည်ဖြစ်သည်။ (ဥပမာ - ဒေသ၏ အဓိက စီးပွားရေး လုပ်ဆောင်သော အချိန်များနှင့် ညှိနှိုင်းပြီး စာသင်ချိန်များ၊ စားမေးပွဲ အချိန်များသတ်မှတ်ခြင်း၊ သင်ကြားရေး နည်း စနစ်များ၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော သင်ရိုး ညွှန်းတမ်းများပြဋ္ဌာန်းခြင်း၊ သင်ရိုးညွှန်းတမ်းများတွင် ဒေသနှင့် ကိုက်ညီသော ပုံဥပမာများ ထည့်သွင်းခြင်း)

ထို့သို့လုပ်ဆောင်ရန်အတွက် အရည်အချင်းရှိသော ဘွဲ့ရပညာတတ် ဆရာ၊ ဆရာမများ မွေးထုတ်ပေးရန်/ ဆန်းသစ် တီထွင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် ထောက်ပံခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ဆရာ၊ ဆရာမများအား ထိုက်သင့်သော လစာပေးခြင်းတို့ လုပ်ဆောင်သင့်သည်။ ထို့အပြင် ကျောင်းသား၊ မိဘ နှင့် ဆရာ များ အပြင် လူငယ်များအတွက် ပညာရေးနှင့် ပါတ်သတ်သော အမြင်ဖွင့်သင်တန်းများ ပို့ချပေးခြင်းသည်လည်း ထိရောက်သော လုပ်ဆောင်ချက်များအဖြစ် ဆွေးနွေးခဲ့ကြသည်။ အခမဲ့ပညာရေး (အခြေခံ) စနစ်ထားရှိခြင်း နှင့် နိုင်ငံခြားတွင် ပညာ သင်ကြားထားသော မြန်မာပညာရှင်ပြန်လည်ကို ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသုံးပြုရန် နှင့် Bottom-up System အသုံးပြုရန်အတွက်လည်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် အဏ္ဏပိုင်အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပညာရေး အခြေအနေများအား စုစည်းတင်ပြထားသောပြခန်းများပြုလုပ်ခြင်း နှင့် လိုအပ်ချက်များအား စုစည်းထားသော လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများဖြင့် လူငယ်များ၏ အသံများ ဒေသငြိမ်းချမ်းဖွံ့ရေးလုပ်ဆောင်နေသော နိုင်ငံရေးအသင်းဖွဲ့များ ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် အခြားအစုအဖွဲ့များထံသို့ ရောက်ရှိကြားသိစေနိုင်မည်ဖြစ်သည်။ ထို့အတူ လူငယ်များပါဝင်နိုင်သမျှ ဝါဝင်လာနိုင်စေရန်အတွက် လူငယ်များအကြား ကျယ်ပြန့်စွာ ဆွေးနွေးပွဲ များ ကျင်းပပြီး၊ ဝေလံသော ဒေသများရှိ လူငယ်များနှင့်လည်း သွားရောက်တွေ့ဆုံ စကားပြောရန်လည်း လိုအပ်သည်။ ရရှိလာသော အတွေ့အကြုံများ၊ အချက်အလက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ အကြံပြုစာများ ပေး ပို့ခြင်း နှင့် media များမှ တဆင့် ဒေသတွင်းနှင့် အခြားဆက်စပ်သူများ အားလုံးကြားသိ အကြံပြု၊ တာဝန်ယူ

လုပ်ဆောင်နိုင်ရန်အတွက်လည်း လုပ်ဆောင် သင့်သည်။

ပြည်နယ်အတွင်းရှိ ဒေသခံ လူမှုရေးအသင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့များသည်လည်း လူငယ်နှင့် ပညာရေး အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အနေနှင့် ရှိနေသည်။ အထက်ဖော်ပြ လုပ်ဆောင်ရန်အချက်များအတွက် လူအများပါဝင် စိတ်ဝင်စားလာအောင် အသိပညာပေးစည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ၊ ပိုမို ကျယ်ပြန့်စွာဖြင့် အခြားသော လူမှုရေးအသင်းအဖွဲ့များ ပါဝင်လာအောင် ချိတ်ဆက် ကူညီလုပ်ဆောင်ရာတွင် အရေးကြီးသော အထောက် အပံ့ တစ်ရပ် အနေနှင့် ရှိသည်။ ရွာခန့် ဆရာ၊ ဆရာမများအား လစာထောက်ပံ့ခြင်းများအပြင် အဆိုပါ ဆရာများအား အစိုးရ တရားဝင် ခန့်အပ်ပေးလာအောင် လုပ်ဆောင်ပေးနိုင်သည်။ ထို့အပြင် လူငယ်များအား အခါအားလျော်စွာ စည်းရုံးပေးခြင်းနှင့် လူငယ်များ၏ ပညာရေး လုပ်ဆောင် ချက်များတွင် လိုအပ်သော နည်းပညာအကြံများ၊ ပညာရှင်များ နှင့် ကုန်ကျစာရိတ်များ ကူညီပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ပေးခြင်းဖြင့် ပညာရေးဖွံ့ဖြိုးမှုကို ပိုမိုကျယ်ပြန့်စေနိုင်ပြီး - သက်ဆိုင်ရာ ဌာနများ၊ လွှတ်တော်များထံသို့ တင်ပြမှုများ၊ စည်းရုံးလှုံ့ဆော်မှုများအား ချဉ်းကပ်လုပ်ဆောင်နိုင်သည်။

## (ခ) ။ အလုပ်အကိုင်အတွက် အခွင့်အလမ်းများနှင့် သတင်းရရှိမှုများ

### ၁။ အခက်အခဲ နှင့် အခြေခံအကြောင်းတရားများ

လူငယ်အများစု၏ လက်ရှိတွေ့ကြုံနေရသော အခက်အခဲမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း နှင့် လုပ်အားလစာ နည်းပါးခြင်းကို ရင်ဆိုင်ရလျှက်ရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းများနှင့် သတင်းရရှိမှုများအတွက် အဓိကအတားအဆီး များအနေဖြင့် သတင်းနှင့် စာဖတ်အားနည်းခြင်း အပြင် သတင်းအချက်အလက်များအား လက်လှမ်းမမီခြင်း၊ အဆင့်မီပညာရေးနှင့် အရည်အချင်းမပြည့်မှီခြင်း၊ ရုပ်ရည်၊ အရပ်၊ အသက်အရွယ် စသော အလုပ်သတ်မှတ်ချက်များ များပြားခြင်း၊ ပြည်နယ် နှင့် ဝေးလံသောနေရာတွင် ရှိသော လူငယ်များအနေဖြင့် အများနှင့် ယှဉ်ပြိုင်အလုပ်ရှာရန်အတွက် မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးတွင် အားနည်းခြင်းနှင့် ဦးဆောင် လမ်းညွှန်မည့်သူများ မရှိခြင်း တို့အား လက်ရှိရင်ဆိုင်ရလျက်ရှိသည်။ ဆင်းရဲနွမ်းပါးသော အခြေအနေများ၊ အသိုင်းအဝိုင်တွင် ကြီးပြင်းလားကြသော လူငယ်များအတွက် အရည်အချင်းဖော်ထုတ်ရန် အခွင့်အရေးမရရှိခြင်း နှင့် အလုပ်အတွက် အမျိုးဘာသာ ခွဲခြားခေါ်ယူခြင်း နှင့် ဘာသာစကား ကွဲပြားခြင်းတို့ သည့်လည် အခြေခံအကြောင်းတရားများဖြစ်သည်။

### ၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

ဒေသခံအဖွဲ့အစည်းများ နှင့် အလုပ်အကိုင်ရာဖွေးရေးအဖွဲ့များ ပူးပေါင်းလုပ်ဆောင်ရန်နှင့် အချိန်မှီ အလုပ်အခွင့်အလမ်း များ၊ အလုပ်ခေါ်စာများ အား လူငယ်အများသိရှိနိုင်စေရန် နီးစပ်ရာဈေးဆိုင်၊ မြင်နိုင်သောနေရာများတွင် ဖြန့်ဝေပေးနိုင်ရန် မျှော်လင့်လျက်ရှိသည်။ မိမိကိုယ်မိမိ ယုံကြည်မှုများရှိလာစေရန် မိသားစုတစ်ဦးစီ၏ လုပ်ဆောင်နိုင်သော စွမ်းရည်ကို အားပေးပြောဆိုခြင်း အလေ့အထများရှိလာစေရန် လမ်းညွှန်မှုများပေးခြင်း၊ ကောင်းမွန်အဆင်မီသော ပညာရေးကို ရရှိရန် တောင်းခံခြင်း၊ ထောက်ခံအားပေးခြင်း၊ သင်ကြားမှုများ လေးလေးနက်နက်ခံယူတတ်ရန် လူငယ်များအား လမ်းညွှန် ပညာပေးခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်သည်။ ဒေသတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးများမှ အလုပ်ကိုင်အခွင့် အလမ်းများ ဖန်တီးပေးရန်ခြင်းများအပြင် မှန်ကန်သောမျှတသော လုပ်ငန်းခေါ်ယူမှုစနစ်များ အသုံးပြုရန်ဖြစ်သည်။ ဒေသ၏ အခြေအနေလိုက် အတန်းပညာအဆင့်အတန်းများကို ဦးစားပေးရွေးချယ်ခြင်းထက် တစ်ဦးခြင်း လုပ်ဆောင်နိုင်သော စွမ်းရည်ကိုသာ အဓိကထားရွေးချယ်ခြင်းတို့လုပ်ဆောင်နိုင်သည်။ လုပ်ငန်းတွင် ခေါင်းပုံဖြတ်မှု နှင့် လာဘ်စားမှုများကို တိုက်ဖျက်ပေးရန်လည်း လိုအပ်သည်။ လူငယ်များအား မိမိဝါသနာနှင့် အညီ အလုပ်များကို မှန်ကန်စွာရွေးခယ်ဆုံးဖြတ်၍ မိမိအရည်အချင်းများအား အသုံးချရန်အတွက် အများနှင့် လက်တွဲခေါ်ယူခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်၍ အခွင့်အလမ်း များနှင့် ပညာဗဟုသုတများ ရှာဖွေလေ့လာတတ်ရန် နှိုးဆော်ပညာပေးခြင်းများလည်း အလုပ်အကိုင်နှင့် အရည်အချင်းများ တိုးတက်လာစေရန် လုပ်ဆောင်နိုင်သည်။

လူငယ်များ၏ ကြုံတွေ့နေသော အခက်အခဲများနှင့် လိုအပ်ချက်များအား သက်ဆိုင်ပြည်နယ် ငြိမ်းချမ်းဖွံ့ဖြိုးရေး ဆွေးနွေး လျက်ရှိနေကြသော အစိုးရအဖွဲ့များနှင့် ညှိနှိုင်းနေသောအဖွဲ့အစည်းများ၊ အခြားသော စိတ်ဝင်စားသည့် လူများ ကြားသိ လုပ်ဆောင်ပေးနိုင်ရန်အတွက် လူမှုရေးကွန်ယက်များတွင် ဖော်ပြခြင်း၊ ပုံနှိပ်မီဒီယာများဖြစ်သော သတင်းစာ၊ ဂျာနယ်များ တွင် ဖော်ပြခြင်း၊ ရေဒီယိုလိုင်းများတွင် ထုတ်လွှင့်ခြင်းများအပြင်တေးသီးချင်းများအနေဖြင့် ဖွဲ့ဆိုခြင်းတို့သည် လူအများ အားလုံးကြားသိ နိုင်မည်ဖြစ်သည်။ ဒေသတွင်း လူငယ်များ၏ အသံများကို စုစည်းဖော်ထုတ်ပေးသော ဆွေးနွေးပွဲများ မကြာ ခဏပြုလုပ်ခြင်းများနှင့် လူငယ့်လှုပ်ရှားမှုများတွင် သတင်းဌာနများ၊ ရုပ်မြင်သံကြား လိုင်းများနှင့် ချိတ်ဆက်သတင်းပေး ထား ခြင်းတို့ဖြင့်လည်း အားလုံးသိအောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## (ဂ) အခြေခံလူမှု ၊ ပြည်သူ့ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေး

### ၁။ အခက်အခဲများနှင့် အခြေခံအကြောင်းတရားများ

ဒေသရှိလူငယ်များသည် စာဝတ်နေရေးအတွက် ရုန်းကန်နေကြရသောလည်း နေရာဒေသမတူညီမှု၊ ပြောင်းလဲလာသော ရာသီဥတုကြောင့် စိုက်ပျိုးရေးမကောင်းမှု၊ အထွက်နှုန်းနှင့် သီးနှံအရည်သွေးများ ကျဆင်းလာမှု နှင့် ဈေးကွက်စီးပွားရေး ပြောင်းလဲလာမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးနေသောဒေသများအဖြစ် ရှိနေသည်။ ဝင်ငွေနည်းပါးသောကြောင့် ဒေသတွင်း ကိုယ်ထူကိုယ်ထ အခြေခံလူမှုနှင့် ပြည်သူ့ဝန်ဆောင်မှုများအား လုပ်ဆောင်ရန်အတွက်လည်း နှောင့်နှေးရ သည်။ စိုက်ပျိုးရေး အဓိကထားသော ဒေသများဖြစ်သော်လည် ခေတ်မှီစိုက်ပျိုးရေးနည်းပညာများ အားနည်းခြင်းနှင့် ဒေသတွင်း နားမလည်သော လယ်ယာမြေ ဥပဒေများ၏ အကျိုးသက်ရောက်မှုများကြောင့်လည်း တောင်ယာများ ဆုံးရှုံး များလည်း ကြုံတွေ့ နေ ကြသည်။

နိုင်ငံရေးမူဝါဒ အပြောင်းအလဲများကြောင့် အခြေခံလူမှု ၊ ပြည်သူ့ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးများအတွက် စီမံကိန်းများ ရှိလာပြီဖြစ်သော်လည် အကန့်အသတ်များရှိနေဆဲဖြစ်သည်။ ဒေသတွင်းအဖွဲ့အစည်းများ များပြားသောကြောင့် ဒေသတွင်း အခြေခံဝန်ဆောင်မှုများအတွက် တာဝန်ခံ၊ တာဝန်ယူမည့် အဖွဲ့အစည်းများအကြား ရှုပ်ထွေးနေဆဲဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအပါအဝင် အမျိုးမျိုးသော ဆက်သွယ်ရေး (ဖုန်း၊ စာတိုက်) များမှာလည် ခက်ခဲသောအခြေအနေ တွင်ရှိနေသည်။ ကျန်မာရေးစောင့်ရှောက်အနေနှင့် - ကျေးရွာအများစုတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ ဆေးပေးခန်း မရှိခြင်း၊ ကျန်မာရေးထက် စားဝတ်နေရေးကို ဦးစားပေးခြင်း၊ အခြေခံကျန်းမာရေး အသိပညာမရှိခြင်း၊ ရိုးရာ ကျန်းမာရေး ဆိုင်ရာ အယူသည်းမှုများသည် အခြေခံလူမှု ၊ ပြည်သူ့ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးများအတွက် အခက်အခဲများ၏ အခြေခံများ အနေနှင့် ရှိနေသည်။ ပညာရေးနှင့် လူမှုရေး များတွင်လည်း ခြေခံပညာကျောင်းများရှိသောလည်် ဆရာ/ဆရာမ လုံလောက် မှုမရှိခြင်း၊ အစိုးရခန့် ဆရာ/ဆရာမ များမဟုတ်ခြင်းနှင့် လစာငွေ နည်းပါးခြင်းတို့သည်လည်း ဖြေရှင်းရန် အခက်အခဲများဖြစ် သည်။

### ၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိကကျသော ဆက်သွယ်ရေးကောင်းမွန် အဆင့်မြင့်မားအောင် မြှင့်တင်ခြင်း နှင့် တနိုင်တပိုင်စီးပွားတိုးတက်ရန်အတွက် အသိပညာပေး ဆွေးနွေးမှု (ငွေစုငွေချေးဆိုင်ရာ သင်တန်းများ၊ ဝက်မွေး၊ ကြက်မွေး သင်တန်းများ) များကို အစိုးရနှင့် လူထုအခြေပြု အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ အခြေခံ ကျောင်းသုံး ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အဖွဲ့အစည်း (NGOs, CBOs, CSOs) များထံ အကူအညီတောင်ခံခြင်းတို့ဖြင့် အလျင်အမြန် ပြည်သူ့ဝန်ဆောင်မှုများကို တိုးတက်အောင် ကူညီနိုင်သည်။ ဥပဒေနှင့် အခွင့်အရေး သင်တန်းများပေးခြင်းဖြင့် ဒေသတွင်း လိုက်နာကျင့်သုံးရမည်အချက်များနှင့် မိမိတို့ဒေသ၏ ရပိုင်ခွင့် များကို တောင်းဆိုနိုင်သည်။ အခြေခံဝန်ဆောင်မှု တစ်ခုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အဖွဲ့အစည်းများမှ ပူးပေါင်းပြီး အခြေခံကျန်းမားရေး အသိပညာ များ ပို့ချခြင်း နှင့် ဆေးခန်းများ ဖွင့်လှစ်တည်ထောင်ပေးခြင်းသည် အလျင် အမြန်ထိရောက်စေမည့် နည်းလမ်းကောင်း တစ်ခု ဖြစ်သည်။ အခြေခံလူမှု ၊ ပြည်သူ့ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသတွင်းရှိ လူငယ်ပညာတတ်များ အား မြေတောင်မြှောင့်ပြီး ဒေသအကျိုးအတွက် လက်တွဲလုပ်ဆောင်ခြင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်မည့် နည်းလမ်းဖြစ်သည်။

## (ဃ) ။ မတူညီသော အဖွဲ့အစည်းများကြား စည်းလုံးမှု၊ စုဖွဲ့မှုမရှိခြင်း

၁။ အခက်အခဲများနှင့် အခြေခံအကြောင်းတရားများ

ဒေသတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များတွင် သော်လည်ကောင်း၊ လူမှုရေးအသင်းအဖွဲ့များတွင် သော်လည်ကောင်း၊ ငြိမ်းချမ်း ရေးဆွေးနွေးလျက်ရှိသော အသင်းအဖွဲ့များတွင် လည်းကောင်း အသင်းအဖွဲ့များ စုဖွဲ့မှု၊ များပြားမှု မှာ အားကောင်း သော် လည်း စုပေါင်းညီညွတ်မှုများအတွက် အဟန့်အတားများ ရှိသည်။ ပညာအားနည်းခြင်း၊ ပွင့်လင်းမှုမရှိခြင်း၊ အချိန်ပေး တိုင်ပင်ဆွေးနွေးမှု နည်းပါးခြင်း၊ တန်းတူညီမျှ အခွင့်အရေး မရခြင်း၊ ခေတ်ကာလဆိုင်ရာ အယူသည်းမှုများရှိခြင်း၊ ဦးဆောင်မှု ညံ့ခြင်း (ပျင်းရိ၊ ဆင်ခြေပေး၊ အာဏာအလွဲသုံးစား)၊ သဘောထားများ မတိုက်ဆိုင်ခြင်း၊ အမျိုး၊ ဘာသာ ကွဲပြားမှု (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ)၊ ဘာသာစကား ကွဲပြားမှု (ကယား ၊ ကယန်း)၊ မနာလိုခြင်း၊ အချင်းချင်း နာလည်မှုနည်းခြင်း၊ အတ္တမာနကြီးခြင်း များသည့် အဖွဲ့အသီးသီးအတွင်း တွေ့ရှိရတတ်သော အခက်အခဲများဖြစ်သည်။

၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

လူအများ ပါဝင်နိုင်သော ဟောပြောပွဲများ ပြုလုပ်ခြင်း နှင့် အမြင်များ ဖလှယ်ခြင်း၊ အချင်းချင်းလေးစားမှုကို လေ့ကျင်ခြင်းနှင့် ဆက်ဆံပြောဆိုရာတွင် ပွင့်လင်းမှုရှိစေရန်အတွက် ထိရောက်သော ဆွေးနွေးညှိနှိုင်းခြင်း နှင့် ဆက်သွယ်ရေးဆိုင်ရာ သင်တန်းများ ပေးခြင်း၊ တိုင်ပင်ဆွေးနွေးဖို့ အခွင့်အလမ်းများ ဖန်းတီးပေးခြင်း၊ ရိုးရာဓလေ့များကို လေးစားခြင်း၊ ဥပဒေများ ရေးဆွဲလိုက်နာစေခြင်း၊ စာပေဆိုင်ရာ ယဉ်ကျေးမှုမြှင့်တင်ပေးခြင်း၊ မိမိရပ်ရွာတွင် စကားပြောဆိုကောင်းသော ဦးစီးဦးဆောင်လုပ်နိုင်သူအား ဦးဆောင်စေခြင်း၊ အခြားဘာသာစကားကိုပြောတတ်သူများ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ဦးဆောင်သူများကို ဦးဆောင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်များ လုပ်ဆောင်ခြင်း၊ အချင်းချင်း ကူညီရိုင်းပင်းဆောင်ရွက်တတ်သော အသင်းအဖွဲ့စိတ်ဓါတ်များ မြှင့်တင်ခြင်း နှင့် အဖွဲ့အချင်းချင်းတွေ့ဆုံကာ ပယ်သင့်သောအယူသည်းမှုများကို ပယ်ဖျက်ခြင်း (ဥပမာ - ရွာများ ကျိန်စာတိုက်ခြင်းကြောင့် နှစ်ရွာကြား ရန်ပွဲ နှင့် ပဋိပက္ခ) တို့ဖြင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်သည်။

## (င) ။ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲးမှု

၁။ အခက်အခဲများနှင့် အခြေခံအကြောင်းတရားများ

လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ စမ်းသပ်လိုခြင်း၊ မူးယစ်ဆေးဝါးနှင့် ပါတ်သတ်သော အထွေထွေ ဗဟုသုတနည်းပါးခြင်း၊ အလုပ်ပိုလုပ်နိုင်သည်ဟူသော လွဲမှားသည့် အယူအဆနှင့် ပါတ်ဝန်းကျင်အပေါင်းအသင်းများ ၏ တိုက်တွန်းစည်းရုံးမှုတို့ကြောင့် သုံးစွဲကြသည်။ မိသားစုပြဿနာများနှင့် စီးပွားရေးအခက်အခဲများကြောင့် စိတ်ဓါတ်ကျခြင်း ၏ ထွက်ပေါက်အနေဖြင့်လည်း သုံးစွဲးကြသည်။ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများ၏ အဓိကကျသော အချက် မှာ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချသူများရှိနေခြင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အဂတိလိုက် စားမှုများ ရှိနေခြင်းဖြစ်သည်။

၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

မူးယစ်ဆေးဝါးနှင့် ပတ်သတ်သော ပစ္စည်းများဖျက်ဆီးခြင်း၊ ဥပဒေအရ ထိထိရောက်ရောက် အရေးယူခြင်း နှင့် တရားဝင်ရောင်းချသော မူးယစ်ဆေးဝါးနွယ်ဝင် ပစ္စည်းများပေါ်တွင် (ဆေးလိပ်၊ အရက်၊ ကွမ်း) အခွန်တိုးမြှင့်ကောက်ခံခြင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သတ်သော အထွေထွေဗဟုသုတများဟောပြောပို့ချခြင်းနှင့်ကြေငြာဆိုင်းဘုတ်များ-လက်ကမ်းစာစောင်များဖြင့် အသိပေးခြင်း၊ ဆေးစွဲသောလူငယ် များအား လူမှုရေးလုပ်ငန်းများတွင် လက်တွဲခေါ်ခြင်း၊ လူငယ် ပြုပြင်ရေးစခန်းများ ကောင်းမွန်အောင်ထောက်ပံ့ခြင်း နှင့် တိုးချဲ့ခြင်း၊ ဒေသ၏ စီးပွားရေးလုပ်ငန်ပြန်လည် ဖာထေးနိုင်ရန် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်း နှင့် ဈေးကွက်များချိတ်ဆက်ပေးခြင်းတို့သည် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲးမှု အား လျော့ကျစေနိုင်မည်ဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် ပါတ်သတ်၍ လူငယ်သဘောထားများ ထုတ်ပြန်ခြင်း၊ Media မှ တစ်ဆင့်ကြေငြာခြင်း၊ လွှတ်တော်များသို့ တင်ပြခြင်း၊ ပွဲလမ်းသဘင်များတွင် မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပါတ်သတ်သော ဇတ်လမ်းတို့ ပြသခြင်း၊ ပြဇတ်များ ပြုလုပ် ကျင်းပခြင်း၊ မူးယစ်ဆေးဝါတိုက်ဖျက်ရေးနေ့ကို အလေးထားကျင်းပခြင်း၊ သက်ဆိုင်ရာများနှင့် ထိပ်တိုက်ဆွေးနွေးခြင်းတို့ သည် လူငယ်ထု၏ မူးယစ်ဆေးဝါအပေါ် သဘောထားအား လူအများ သိရှိတာဝန်ယူ လုပ်ဆောင်စေနိုင်သော နည်းလမ်း များ ဖြစ်သည်။

ဒေသတွင်းရှိ လူမှုရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရေး အတွက် လူငယ်များ၏ လုပ်ငန်းစဉ်များတွင် ငွေကြေး၊ နည်းပညာ၊ နည်းပညာရှင်များ ထောက်ပံ့ခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ကာ၊ ရရှိလာသော ရလာဒ်များကို ဝေမျှခြင်း၊ ကြေငြာခြင်း၊ ပါဝင်လှုပ်ရှားကာ မားမားရပ်တည်ပေးခြင်းအားဖြင့် ပါဝင် ထောက်ပံ့ပေးနိုင်သည်။

## (စ) ။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏ပါဝင်မှု

၁။ အခက်အခဲများနှင့် အခြေခံအကြောင်းတရားများ

ပြည်နယ်ငြိမ်းချမ်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် ပါဝင်ရန်အတွက် အခက်အခဲများ၏ အခြေခံများ အနေ ဖြင့် လွတ်လပ်စွာမပြောဆိုရဲခြင်း၊ ကြောက်ရွံ့ခြင်း၊ ယုံကြည်မှုအားနည်းခြင်း၊ မိမိနှင့် မသက်ဆိုင်ဟု ထင်မြင်ခြင်း၊ ပညာရေး တွင် နိုင်ငံအရေးနှင့် ပါတ်သတ်၍ သင်ကြားမှုအားနည်းခြင်း (၁၉၈၈ ခုနှစ်က သေကြေမှု၊ ပဋိပက္ခများ မည်သည့် နည်းလမ်း ဖြင့် ငြိမ်သက်သည်ကို မသိရခြင်း)၊ လက်ရှိလုပ်ဆောင်နေသော ပြည်နယ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ သတင်းအချက် အလက်ရရှိသိရှိမှုအားနည်းခြင်း၊ လူကြီး နှင့် လူငယ်များကြား ပဋိပက္ခရှိခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆိုင်ရာ ပညာပေး သင်တန်းများ မရရှိခြင်းတို့ ဖြစ်သည်။

၂။ ကိုင်တွယ်ရင်ဆိုင်နိုင်မည့် အကြံပြုနည်းလမ်းများ

ငြိမ်းချမ်းရေးတည်ဆောက်ခြင်း နှင့် ပဋိပက္ခအမြင်ဖွင့်သင်တန်းများပေးခြင်း၊ လူကြီးနှင့် လူငယ်ကြား အမြင်မတူညီမှုများ အား ညှိနှိုင်းခြင်း၊ ပညာရေးစနစ်ပြောင်းလဲခြင်း နှင့် လွတ်လပ်စွာ တွေးခေါ်မှုများကို ကျောင်း၌ သင်ကြားပေးခြင်း တို့ဖြင့် ကိုယ်တွယ် နိုင်မည်ဖြစ်သည်။ Email, Facebook, Media များမှတဆင့် နလုံးသားထဲ ထိသွားအောင် အချက်ကျကျ ရေးသားတင်ပြခြင်း၊ အဖွဲ့အစည်း များ နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ဆောင်နေသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လူငယ်များ၏ စုစည်းထားသော အသံများ၊ ဖြတ်သန်းလာရသော အတွေ့အကြုံအချက်အလက်များ တင်ပြခြင်း၊ ဖြန့်ဝေခြင်း တို့လုပ်ဆောင်နိုင်သည်။ငြိမ်းချမ်းရေးနှင့် ဆိုင်သော အချက်အလက်များကို ပြန်လည်ဝေငှပေးခြင်း၊ မိဘပြည်သူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ကူညီပေးခြင်း၊ အထောက်အပံ့များပေးခြင်း (လက်ကမ်းစာစောင်)၊ ရလာဒ်များကို အထက်သက်ဆိုင်ရာသို့ တင်ပြရာ၌ ကူညီခြင်းဖြင့် ပြည်နယ်ငြိမ်းချမ်းဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပါဝင်ထောက်ပံ့နိုင်သည်

## ၉။ ကွင်းဆင်းလေ့လာရာတွင် ကြုံခဲ့ရသောလူငယ်များအား၏ အတွေ့အကြုံများ နှင့် သင်ယူရရှိမှုများ

ကျွန်မသည် ဖရူဆိုမြို့နယ်သို့ ကွင်းဆင်းရန်သွားခဲ့သော အဖွဲ့ဝင် ၈ ယောက်မှ တစ်ယောက်ဖြစ်သည်။ ၄ ယောက်တစ်ဖွဲ့ဆီဖြင့် ကေးလျား နှင့် မာခရောရှေးသို့ တနင်္ဂနွေနေ့တွင် သွားရောက်ခဲ့သည်။ ရွာအတွင်းသို့ ရောက်သောအခါ ၂ ယောက်တစ်တွဲစီဖြင့် လူငယ်များနှင့် တွေ့ဆုံစကားပြောရန် လူစုခွဲပြီး သွား ရောက်ခဲ့သည်။ ကျွန်မတို့က စတင်မိတ်ဆက်ပြောဆိုသော်လည်း ၊ လူငယ်များမှာ ပြုံး၍သာ တုန့်ပြန်ကျသည်၊ တစ်ချို့မှာ ရယ်၍သာနေကြပြီး မည်သည့်စကားကိုမှ ပြန်မပြောကြသည်ကို တွေ့ရှိရသည်။ မြို့နှင့် ဝေးလံသော နေရာတွင်ရှိသည့် ကျေးရွာများ မှ လူငယ်များနှင့် စကားပြောဆိုရန် အလွန်ခက်ခဲ ခဲ့သည်။ ထို့ကြောင့် ကျွန်မတို့ အဖွဲ့များ ပြန်လည်စုစည်းပြီး မည်သို့ဆက်လက်လုပ်ဆောင်ရမည်၊ လူငယ်များနှင့် စကားပြောနိုင် မည့်နည်းလမ်းများကိုရှာဖွေပြင်ဆင်ကြခြင်း နှင့် ကနဦးစကားစပြောဆိုမည့် အဖွင့်မေးခွန်းများအတွက် စုပေါင်းပြင်ဆင်ခဲ့ကြသည်။ အချိန်ယူပြီးပြင်ဆင်မှုများ ထပ်မံလုပ်ဆောင် ခဲ့ကြသည်။ တစ်ရွာပြီးတစ်ရွာ မတူညီသောအတွေ့အကြုံများအပေါ် ခြေခံပြီး ဒေသခံလူငယ်များနှင့် ရင်းနှီးမှုများရရှိလာသော အခါကောင်းမွန်ပြီးသက်တောင့်သက်သာရှိသောစကားဝိုင်းများကိုထိန်းသိမ်းလုပ်ဆောင်နိုင်ခဲ့သည်။လူငယ်များ၏လက်ရှိ တွေ့ကြုံ နေရသော အခြေအနေများ၊အပြောင်းအလဲများ၏လူငယ်များပေါ် ထင်ဟပ်မှုများ၊လူငယ်များ၏မျှော်မှန်းချက်များနှင့်မျှဝေချင်သောအတွေ့အကြုံများအား ကြားခဲ့ကြရသည်။တစ်ချို့ကျေးရွာများတွင်ကောက်ရိတ်ချိန်ဖြစ်သောကြောင့် တောင်ယာစပါးခင်းများထိပါ သွားရောက်၍ မေးမြန်းစကားပြော ခဲ့ကြသည်။ မိမိတို့ ကွင်းဆင်းလေ့လာရေး လူငယ်အဖွဲ့ဝင်များအကြား အချိန်၊နေရာ နှင့် အားလပ်မှုများ ညှိနှိုင်းရခြင်း နှင့် အချို့သောအခက်အခဲများကြောင့် နှောင့်နှေးမှုများရှိခဲ့သည်၊ “ခင်ဗျားတို့ အဖွဲ့က မေးခွန်းမေးစကားပြောပြီး ဘာပြန်လုပ်ပေးနိုင် မလဲ” စသော လူငယ်များ၏ မေးခွန်းများပြန်မေးကြခြင်းကလည်း ကျွန်မတို့အား ခက်ခဲစေသည့် အတွေ့အကြုံများဖြစ်သည်။ လူငယ်များမှ ခံစားချက်များကို ဖွင့်ဟသော်လည်း လက်နက်ကိုင်အဖွဲ့အစည်းနှင့် ပတ်သတ်မှုကြောင့် မိမိတို့အဖွဲ့မှာ စိုးရိမ်ထိတ်လန့်ခဲ့ရသည့် အတွေ့အကြုံများလည်း တွေ့ခဲ့ရသည်။

## Villages and Volunteer in Filed Study and Conversation

| Township | Name of the Villages | Team Members |
|---|---|---|
| **Loikaw** | 1. Bar Do<br>2. Nar Nat Taw<br>3. Naung Yar<br>4. Pan Kan<br>5. Daw Nyu<br>6. War Saung<br>7. Poe Sar Chan<br>8. Phar Ti Mar<br>9. 3 Mile – Loi Ta Mu<br>10. So La Sae<br>11. Ma Htaw Su (upper)<br>12. Demawso (town)<br>13. Nan Phae Khone (DMS)<br>14. Chyun Taw (DMS)<br>15. Lee Soe (DMS)<br>16. Daw Ngan Khar (DMS)<br>17. Htay Ngar Hlar<br>18. Chi Kay<br>19. Nan Kut | 1. Jew Lay<br>2. Mary<br>3. Justine Ngein<br>4. Pho Zaw<br>5. Yoon Mi Mi Oo<br>6. Yan Paing Oo<br>7. Phyu Hnin Wai<br>8. Thoe Myat Noe<br>JOHN JEFFRY SENG (Project Manager – STH) |

## Villages and Volunteer in Filed Study and Conversation

| Township | Name of the Villages | Team Members |
|---|---|---|
| **Demoso** | 1. Daw Hpu<br>2. Daw Pae Du<br>3. Daw Pae<br>4. Daw Ka Law Khu<br>5. Bo Hlar<br>6. Ta Ni Lar Lae<br>7. 4 Mile Ka Phu<br>8. Law Si<br>9. Daw Poe Si<br>10. Daw Bu Ngan Rae<br>11. Daw Ngan Yauk<br>12. Nyaung Khone<br>13. Hpae Hlar<br>14. Say Myaung<br>15. Khone Tar<br>16. Ho Phate<br>17. Htay Htoo Phya<br>18. Hti Pho Ka Lo<br>19. Daw Byar Ku<br>20. Daw Tan Dar<br>21. Daw Khu Lee<br>22. Pa Daw Du<br>23. Yuu Hpae Ku<br>24. Daw Ta Ma Ngae<br>25. Daw Ngan Khar<br>26. Khone Tar<br>27. Tae Su Lae<br>28. Naung Pale<br>29. Nan Phae Khone<br>30. So Baw Tae | 1. Mu Su<br>2. Sa Lo Re Moe<br>3. Htet Htet Hlaing<br>4. Phyu Phyu San<br>5. Gorreti<br>6. Ko Myar<br>7. Sein Lay<br>8. Moe Myat Myat Nyein<br>JOHN JEFFRY SENG<br>(Project Manager – STH) |

## Villages and Volunteer in Filed Study and Conversation

| Township | Name of the Villages | Team Members |
| --- | --- | --- |
| **Hpruso** | 1. Mu So<br>2. Phruso<br>3. Khaw Ta Maw<br>4. Hti Byar Nyaw<br>5. Hti Ka Lu Daw<br>6. Hti Taw Ku<br>7. Daw Ku Khu<br>8. Law Ku Khu<br>9. Kay Hlar<br>10. Law Jar<br>11. Mar Kha Raw Shae<br>12. Daw Nyaw Khu<br>13. Nan Hpae | 1. Aye Aye Moe<br>2. Rosalin<br>3. Nart Thar Lae<br>4. Peter Paul<br>5. Mi Nge<br>6. Scholar<br>7. Doe Do<br>8. Phillippo<br>JOHN JEFFRY SENG<br>(Project Manager – STH) |



Participants in Youth and CSOs/CBOs Dialogue Forum



Team Members and Facilitator



Team Members in Skills Building Training (Group Exercises, Facilitation, Group Discussion)




**Swe Tha Har Social Services**

No.12 (Ground Floor), Yone Gyi Street, Oae Bo Ward, Kyee Myin Dai Township, Yangon, Myanmar.

Email : hr.swethahar@gmail.com , Facebook : www.facebook.com/swethahar

Phone : 09 8612781